# အမျိုးသားညီညွတ်ရေးအစိုးရ
# ကာကွယ်ရေးဝန်ကြီးဌာန
# ရန်ကုန်တိုင်းစစ်ဒေသခွဲကွပ်ကဲရေးအဖွဲ့

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရန်ကုန်တိုင်းစစ်ဒေသခွဲကွပ်ကဲရေးအဖွဲ့

## အကြမ်းဖက်စစ်ကောင်စီတပ်များကို စစ်ရေးအရ အရေးယူတုန့်ပြန်တိုက်ခိုက်ခဲ့ခြင်းဆိုင်ရာ ထုတ်ပြန် ကြေညာချက် (၁၅/၂၀၂၁)

၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်

(၁၃၈၃ ခုနှစ် နတ်တော်လပြည့်ကျော် ၁၁ ရက်)

၁။ ရန်ကုန်တိုင်းစစ်ဒေသခွဲကွပ်ကဲရေးအဖွဲ့သည် အကြမ်းဖက် စစ်ကောင်စီတပ်များအပေါ် စစ်ရေးအရ အရေးယူတုန့်ပြန်တိုက်ခိုက်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ "ပျံလွှားအောင်" စစ်ဆင်ရေးအနေဖြင့် အောက်ပါစစ်ဆင်ရေးလှုပ်ရှားမှု ၈ ခုကို ဆက်လက် ဆောင်ရွက်နိုင်ခဲ့ပါသည်-

(က) မှော်ဘီမြို့နယ်ရှိ အကြမ်းဖက်စစ်ကောင်စီ၏ ခမရ ၉၁ ဂိတ်ကို ဒီဇင်ဘာ ၂၅ ရက်နေ့ နံနက် ၈း၄၅ နာရီအချိန်ခန့်တွင် ပြည်သူ့ကာကွယ်ရေးအဖွဲ့ STF တပ်ဖွဲ့ဝင်များနှင့် YLA တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လက်ပစ်ဗုံးနှစ်လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ရန်သူစစ်သား ၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း၊

(ခ) စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်းပေါ်ရှိ တရားရုံးအနီးနှင့် ဂွဈေးအနီးတွင် နေရာယူထားသည့် အကြမ်းဖက်စစ်ကောင်စီတပ်များအား ဒီဇင်ဘာ ၂၅ ရက်နေ့ နံနက် ၁၀ နာရီအချိန်ခန့်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များက ဖောက်ခွဲတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်း၊

(ဂ) မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်-ပြည်လမ်းမကြီးပေါ်ရှိ ရေကြည်အိုင်စစ်ကြောရေးစခန်းနှင့် လော့ကားပင်မ ဓာတ်အားခွဲရုံအနီးသို့ ရောက်ရှိလာသည့် အကြမ်းဖက်စစ်ကောင်စီတပ်ယာဉ်တန်းကို ဒီဇင်ဘာ ၂၅ ရက်နေ့ နေ့လည် ၂ နာရီခွဲနှင့် ၄ နာရီကြားအချိန်အတွင်း ပြည်သူ့ကာကွယ်ရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် DRF တပ်ဖွဲ့ဝင်များက မိုင်းခွဲတိုက်ခိုက်မှု ၃ ကြိမ်ပြုလုပ်ခဲ့ခြင်း၊

(ဃ) ကွမ်းခြံကုန်းမြို့နယ်၊ တော်ခရမ်းလေးကျေးရွာအဝင်ရှိ အကြမ်းဖက်စစ်ကောင်စီ၏ စစ်ဆေးရေးဂိတ်ဒဂုံဆိပ်ကမ်းရဲစခန်းကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၃ နာရီခွဲအချိန်ခန့်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များက ၄၀ မမ ဗုံးသီးဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့ရာ ရန်သူစစ်သား ၄ ဦး သေဆုံးပြီး အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း၊

(င) တောင်ဒဂုံမြို့နယ်၊ မြိတ်လမ်းနှင့် ရောဝဏ်လမ်းဆုံအပါအဝင် လမ်းတစ်လျှောက် ကင်းလှည့်သွားလာနေသည့် အကြမ်းဖက်စစ်ကောင်စီယာဉ်တန်းကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၆ နာရီနှင့် ၆ နာရီခွဲကြားတွင် ပြည်သူ့ကာကွယ်ရေးအဖွဲ့များဖြစ်သည့် ACPLF နှင့် SSUG တပ်ဖွဲ့ဝင်များက မိုင်းခွဲ တိုက်ခိုက်ခဲ့ခြင်း၊

(စ) လှိုင်မြို့နယ်၊ ဘူတာရုံလမ်းနှင့် အောက်ဗဟိုလမ်းကြားရှိ ရထားသံလမ်းအနီးတွင် ကင်းလှည့်နေသည့် အကြမ်းဖက်စစ်ကောင်စီတပ်သားများကို ဒီဇင်ဘာ ၂၈ ရက် ည ၁၀ နာရီခွဲအချိန်ခန့်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များက ပဒေသာမိုင်း ၄ လုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ ကင်းလှည့်ဆိုင်ကယ် ၁ စီး ပျက်စီးခဲ့ပြီး ရန်သူစစ်သားအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း၊

(ဆ) အင်းစိန်မြို့နယ်၊ ရွာမရဲစခန်းကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၆ နာရီအချိန်ခန့်တွင် ပြည်သူ့ကာကွယ်ရေးအဖွဲ့များဖြစ်သည့် YFA နှင့် CGF-HTY အဖွဲ့ဝင်များ ပူးပေါင်း၍ ၄၀ မမ ဗုံးသီးဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့ရာ ရန်သူရဲသား အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း၊

(ဇ) ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်းမပေါ် ရှိ အခွန်ရုံးရှေ့ရှိ အကြမ်းဖက် စစ်ကောင်စီတပ်သားများကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီခွဲအချိန်ခန့်တွင် ပြည်သူ့ကာကွယ်ရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် YRF တပ်ဖွဲ့ဝင်များက လက်လုပ်မိုင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီလက်ပါးစေများ အသုံးပြုနေသည့် ယာဉ်တစ်စီး ထိခိုက်ပျက်စီးခဲ့ခြင်း၊

**ရန်ကုန်တိုင်းစစ်ဒေသခွဲကွပ်ကဲရေးအဖွဲ့**